# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ၁၆ ရက်မြောက်နေ့အစီအစဉ်
# [၁–၈–၂၀၁၃] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **တိုင်းရင်းသားမျိုးနွယ်စုများ၏ ရွှေ့ပြောင်း တောင်ယာစနစ်မှ လှေခါးထစ် လယ်ယာစနစ်သို့ ကူးပြောင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရမှ မည်သို့ စီမံဆောင်ရွက် သွားမည်ကို သိလိုသည်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစီခန်ရမ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်(ကိုယ်စား)ဦးယော်ဒီဒွေ၊ ပူတာအို မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်တွင် လှေခါးထစ်လယ်ယာ ဖော်ထုတ်ရေး၊ လယ်ရေသွင်းမြောင်း တူးဖော်လိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **နားဝါကျေးရွာ အနီးတွင် ရေလှောင်တာတမံ တစ်ခုတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ **စားကျက်မြေများတွင် လယ်မြေအဖြစ် တောင်သူများစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးစရိတ် ထုတ်ချေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **သီလဝ အားကစားခန်းမအား မြို့နယ်စည်ပင်သာယာအဖွဲ့သို့ လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **၂၇ ကြိမ်မြောက် Sea Game ပြိုင်ပွဲ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ သွင်းကုန်တင်သွင်းသူများအပေါ် ကြိုတင်ဝင်ငွေခွန် သို့မဟုတ် အမြတ်ခွန် ကောက်ခံခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးခင်မောင်ညို၊ လှိုင်ကော် မဲဆန္ဒနယ်၏ **လှိုင်ကော်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား လစာနှစ်ဆ ခံစားခွင့်ပြုနိုင်ပါရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်မှ အခြားဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများအား လစာနှစ်ဆ ခံစားခွင့်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပင်စင်ဦးစီးဌာနရုံးများကို မြို့နယ်တိုင်းတွင် ဖွင့်လှစ်ရန်အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော **“ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော **“ ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။